## ၇။ စက်ပြောက်လိပ်ခုံးကျိုင်း

**Hadda beetle/Epilachna beetle of potato: *Epilachna viginatioctopunctata* (Fabricius, 1775)**

**Coleoptera : <u>Coccinellidae</u>**

**ဖျက်ကောင်ပုံသဏ္ဍာန်များ**



အကောင်ကြီးပုံသဏ္ဍာန်မှာ အညိုရောင်ဖျော့နှင့်အနက်ရောင် အစက်အပြောက်များ ပါရှိပါသည်။ လောက်ကောင်မှာ အဝါရောင်တွင် အမွေးများပါရှိပါသည်။

**ဖျက်ဆီးပုံလက္ခဏာများ**



အကောင်ကြီးနှင့်လောက်ကောင် နှစ်ခုလုံးသည် ရွက်ကျောများကြားရှိ အစိမ်းရောင်ရှိသော ကလိုရိုဖီး များကို စားသောက်ဖျက်ဆီးသောကြောင့် အရွက်အရိုးများသာ ကျန်ခဲ့သည်။

**ဘဝစက်ဝန်း**

| | |
|---|---|
| ဥအဆင့် | -(၄)ရက် |
| လောက်ကောင်အဆင့် | -(၁၄-၁၆) ရက် |
| ရုပ်ဖုံးအဆင့် | -(၄)ရက် |

အကောင်ကြီးအဆင့်                    -(၂၇-၃၀)ရက်

**ဘက်စုံကာကွယ်နှိမ်နင်းနည်းလမ်းများ**

(၁) လောက်ကောင်ကြီးများ ကောက်ယူဖျက်ဆီးခြင်းနှင့် အကောင်ကြီးများကို လက်ကိုင်ပိုက်ကွန်များနှင့် အစောပိုင်းကျရောက်မှုများတွင် ကာကွယ်နှိမ်နင်းနိုင်သည်။

(၂) အကောင်ဦးရေပေါက်ပွားမှုကိုဟန့်တားရန်တမာပိုးသတ်ဆေးပက်ဖျန်းပါ။

(၃)ကျရောက်မှုများပါကထိသေ၊စားသေအာနိသင်ရှိပိုးသတ်ဆေးတစ်မျိုးမျိုးကိုဆေးအညွှန်းအတိုင်းပက်ဖျန်းပါ။ ပိုးသတ်ဆေးများ ကို အသုံးပြုပါက အညွှန်းစာ တွင် ဖော်ပြ ထားသည့် မခူးဆွတ်မီစောင့်ဆိုင်းရမည့်ကာလ Pre-harvest Interval (PHI) ကို လိုက်နာ ၍စနစ်တကျခူးဆွတ်ပါ။

- ဒယ်လ်တာမီသရင်(Deltamethrin)
- ဆိုင်ပါမီသရင်(Cypermethrin)
- ကာဘာရိုင်း(Carbaryl)